# Highlights from Dvb Debate's Instructing Sex Education in Schools Show

## June 24, 2017

## "How to instruct Sex Education in Schools?"

"Sex Education ဆိုတာသည် လိင်ဆက်ဆံခြင်းကိုပဲ ဦးစားပေးပြောရမယ့်ဟာ မဟုတ်ပါဘူး ယောကျာ်းလေး မိန်းကလေး သိသင့်သိထိုက်တဲ့ ရသင့်ရထိုက်တဲ့ အကြောင်းအရာတွေ ပြောင်းလဲမှုတွေကို သိအောင် ပြောပြပေးရတာပါ"

ဒေါက်တာဇာနည်ဝင်း - မြန်မာနိုင်ငံဆရာဝန်အသင်း၊ လူငယ်ဖွံ့ဖြိုးမှုအစီအစဉ်

---

"၂၀၀၀-၀၁ ကတည်းက မူလတန်းကနေ အထက်တန်းအထိ ဘဝတွက်တာကို ပြဌာန်းထားပြီး သင်ပါတယ်။ နိုင်ငံတကာမှာလည်း Sex Education သီးခြားဘာသာရပ်အနေနဲ့တော့ မသင်ပါဘူး"

ဒေါ်ခင်သင်းဖြူ - ညွှန်ကြားရေးမှူး၊ ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေး ဦးစီးဌာန(ပညာရေးဝန်ကြီးဌာန)

"ဆရာမတို့ ၂၀၀၀၁ ခုနစ်က ပြဌာန်းထားတဲ့ ဘဝတွက်တာကျွမ်းကျင်စရာတွေဟာ လိင်ပညာရေးမဟုတ်ပါဘူး။ ကျမတို့သင်ချင်တာမျိုးက ကလေး အသက် ၃ နှစ်. ၃နှစ်ခွဲလောက်ကစပြီး မိဘက ကလေးတွေရဲ့ ခန္ဓာကိုယ်အစိတ်အပိုင်းတွေကို သူ့အရွယ်နဲ့သူ သိအောင် ခေါ်နည်းတွေ သင်ပေးထားတာမျိုးပါ"

ဒေါက်တာယု - ကျောင်းအုပ်ကြီး၊ စီလီကွန်ကိုယ်ပိုင်အထက်တန်းကျောင်း

---

"ခန္ဓာကိုယ်မှာရှိတဲ့ ဘယ်အစိတ်အပိုင်းကို ဘာခေါ်လဲ? အပျိုဖော်ဝင်တဲ့အခါ ဘာမှန်းမသိဘဲ ဝင်သွားတာမျိုးထက် ပြီးပြည့်စုံတဲ့ လိင်ပညာရေးကို ကျမတို့ သင်ပေးနိုင်ရင် ကလေးတွေ ပိုသိသွားမယ်။ ဇီဝကမ္မလို့ခေါ်တဲ့ ဟော်မုန်းအပြောင်းအလဲတွေကြောင့် စိတ်နေသဘောထားတွေ ဘာဖြစ်လဲ?. မျိုးဆက်ပွားခြင်းဆိုတာ ဘာလဲ? ဆိုတာတွေ ငယ်ငယ်ကတည်းက သင်ထားခဲ့ရင် ကလေးတွေဟာ ရှက်နေကြောက်နေမှာ မဟုတ်ပါဘူး"

ဒေါက်တာလှလှအေး - လက်ထောက်ဌာနေ ကိုယ်စားလှယ်၊ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့

---

"လိင်ဆိုတာနဲ့ တပြိုင်နက်ထဲ တိုင်းပြည်မှာနေတဲ့ လူမျိုးအားလုံးလည်းသိအောင် လုပ်ဖို့လည်း အရေးပါတယ်။ Sex Education ဘာသာရပ်ဆိုတာကို လက်ခံမှလည်း ဖြစ်မယ်။ မျိုးဆက် တဆက်ကနေ တဆက် သယ်ရမယ့် ဘာသာရပ်လည်းဖြစ်တယ်"

ဒေါက်တာ အောင်ကျော်ထွဋ် - မြန်မာနိုင်ငံကြက်ခြေနီအသင်း

---

"ဘယ်အစိတ်အပိုင်းကတော့ ဘာ ဖြစ်တယ်. ဘယ်အပိုင်းကတော့ အကိုင်မခံရဘူးဆိုတာတွေကို တတိယတန်းမှာ စ သင်ပေးနေပါပြီ"

ဒေါ်ခင်သင်းဖြူ - ညွှန်ကြားရေးမှူး၊ ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေး ဦးစီးဌာန(ပညာရေးဝန်ကြီးဌာန)

---